

အတ္တာဟ်အတ္တနော နာထော

# မြန်မာ့စွမ်းအင် လူချွန်လူကောင်း

ဦးမိုးမြင့်

**စာအုပ်မိတ်ဆက်နိဒါန်း**

“တချို့ပုဂ္ဂိုလ်များက ဦးမိုးမြင့်ကို တော်တော်ကံကောင်းတဲ့သူပဲဟု ပြောကြ၏။ ကံကလည်း မျက်နှာသာပေးတာ ရာခိုင်နှုန်းအနည်းငယ်တော့ရှိ၏။ တကယ်တော့ ဦးမိုးမြင့်၏ ဘဝသက်တမ်းတစ်လျှောက်ဖြည့်ဆည်းရှာဖွေဖူးခဲ့သော လုပ်ရပ်အတွေ့အကြုံများက ဤကံကောင်းမှုကိုအထောက်အကူပြုခြင်းပင်ဖြစ်၏” ဟူ၍ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးမောင်မောင်ခင် (ငြိမ်း) က ဤစာအုပ်၏ အမှာစာတွင် ဦးမိုးမြင့်နှင့်ပတ်သက်၍ ရေးသားဖော်ပြပေးထား၏။

စာရေးသူဟိန်းလတ်က ဤဦးမိုးမြင့်၏ အတ္ထုပ္ပတ္တိစာအုပ်ကို Prophetic Biography ပုံစံမျိုး နှင့် တုပရယူ ရေးသားထားသည်ဆို၏။ “ဆရာမြို့မငြိမ်း” ၏ “လူချွန်လူကောင်း” သီချင်းထဲမှ စကားလုံးတော်တော်များများသည် ဦးမိုးမြင့်နှင့်ကိုက်ညီလွန်းသဖြင့်၊ ဦးမိုးမြင့်ကို “သန်မြန် ယောကျ်ားဘသား၊ လူချွန်လူကောင်း” ဟုဤစာအုပ်၌ တင်စားခေါ်ဝေါ်ရေးသားထား၏။ ဦးမိုးမြင့်၏မူလဝါသနာပထမအသက်မွေးဝမ်းကြောင်းမှာ လေနှင့်ပတ်သက်သော လေယာဉ်မှူး၊ ယင်းနောက် မြေအောက်၊ ရေအောက်မှရေနံနှင့် သဘာဝဓာတ်ငွေ့များကို တူးဖော်ရှာဖွေ ထုတ်လုပ်သည့် ကုမ္ပဏီလုပ်ငန်း၊ ထုတ်ဖော်ရရှိသော ရေနံနှင့်သဘာဝဓာတ်ငွေ့ကို မီးဓာတ်ဖြစ်သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအတွက်ကြိုးပမ်းဆောင်ရွက်ခြင်းလုပ်ငန်း၊ ထို့အပြင် ရေပျော်တစ်ဦးအဖြစ် ရွက်လှေအားကစားလုပ်ဆောင်ပြီး မြန်မာ့ရွက်လှေအားကစားကို ဂုဏ်မြင့်တင်ပံ့ပိုးပေးသည့်အလုပ် အစရှိသဖြင့် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော (မြေ၊ မီး၊ လေ၊ ရေ) စသော ဓာတ်ကြီးလေးပါးနှင့် အမှန်တကယ်ဆက်စပ်နေသော ပုဂ္ဂိုလ်တစ်ဦးအဖြစ် သရုပ်ဖော်တင်စားဖော်ပြထား၏။

“ဇွဲ၊ လုံ့လ၊ ဝီရိယ၊ အမြင်ကျယ်မှု၊ ဆုံးဖြတ်ချက်ပြတ်သားခြင်း၊ စည်းစနစ်ကျနမှု၊ ဂုဏ်သိက္ခာကို လေးစားထိန်းသိမ်းခြင်း၊ စီးပွားရေးအကွက်မြင်မှု၊ စိတ်ရင်းစေတနာကောင်းမှု၊ နိုင်ငံနှင့် လူမျိုးချစ်စိတ်၊ ဥပဒေစည်းကမ်းလိုက်နာခြင်း၊ မိမိကိုယ်မိမိ ယုံကြည်စိတ်၊ ကျေးဇူးသိတတ်ခြင်း၊ ဘာသာတရားကိုင်းရှိုင်းမှု၊ လေ့လာသင်ယူတတ်လွယ်ခြင်း၊ စွန့်စားရဲသောသတ္တိ၊ မှန်ကန်သော ဦးဆောင်တတ်မှုစသည့် တကယ့်လူချွန်လူကောင်းတစ်ဦးတွင် ရှိသင့်ရှိထိုက်သော အရည်အသွေးများကို ဦးမိုးမြင့်က အတော်များများပိုင်ဆိုင်ထားသူဖြစ်ကြောင်း” စာရေးသူက ညွှန်းဆိုထား၏။ မည်သို့ဆိုစေ ဤအတ္ထုပ္ပတ္တိစာအုပ်ကို ဖတ်ရှုကြရသည့် စာဖတ်သူလူငယ်လူရွယ်များအနေဖြင့် ဦးမိုးမြင့်၏ ကြိုးပမ်းလုပ်ဆောင်မှု၊ ဇွဲသတ္တိ၊ စိတ်နေစိတ်ထားတို့ကို လေးစားအားကျအတုယူ၍ မြန်မာ့လူချွန်လူကောင်းများ ဖြစ်လာကြစေရန် ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေကြောင်း ရည်သန်ဖော်ပြလိုက်ရပါ၏။

# မာတိကာ


| | | | | |
|---|---|---|---|---|
| | ကျေးဇူးတင်လွှာ | | | က |
| | အမှာစာ | - | ဒုတိယဗိုလ်ချုပ်ကြီးမောင်မောင်ခင်(ငြိမ်း) | ဂ |
| | စာရေးသူ၏ အမှာစာ | - | မြန်မာ့စွမ်းအင်လူချွန်လူကောင်း ဦးမိုးမြင့် | ဆ |
| ၁။ | အခန်း (၁) | - | ဦးမိုးမြင့်နှင့် စတင်တွေ့ဆုံခြင်း | ၁ |
| ၂။ | အခန်း (၂) | - | ဘိုးဘွားမိဘ – ဘဝနိဒါန်း | ၉ |
| ၃။ | အခန်း (၃) | - | အသိမှတစ်ဆင့် ပညာရှာယူပုံ | ၅၁ |
| ၄။ | အခန်း (၄) | - | ဇနီးကောင်းရှာ – အိမ်ထောင်ဖက်ကောင်းတွေ့ | ၆၉ |
| ၅။ | အခန်း (၅) | - | တိမ်ဦးလေပြည် (သို့) လေယာဉ်မှူးဦးမိုးမြင့် | ၈၅ |
| ၆။ | အခန်း (၆) | - | ပြောဆိုစည်းရုံးတတ်သော အရည်အသွေးနှင့် ငွေရှာတတ်ပုံ နိဒါန်း | ၁၀၁ |
| ၇။ | အခန်း (၇) | - | သူတို့မြင်သော ဦးမိုးမြင့်အကြောင်း | ၁၀၅ |
| ၈။ | အခန်း (၈) | - | ဦးမိုးမြင့်၏ လူငယ်များအပေါ် သဘောထားနှင့် စည်းကမ်းပိုင်း၊ အချိန်ပိုင်းဆိုင်ရာ အယူအဆများ | ၁၃၁ |
| ၉။ | အခန်း (၉) | - | ဒေါက်တာဥမ္မာမိုးမြင့် – လောကကို အလှဆင်သူ | ၁၅၃ |
| ၁၀။ | အခန်း (၁၀) | - | သားများကို လေ့ကျင့်ပျိုးထောင်ခြင်း | ၁၈၁ |
| ၁၁။ | အခန်း (၁၁) | - | အိမ်မွေးတိရစ္ဆာန်များချစ်သူ – Pet Lover | ၂၂၃ |
| ၁၂။ | အခန်း (၁၂) | - | တန်ဖိုးထိုက် ရှားပါးရတနာများ ထိန်းသိမ်းခြင်း၊ သို့မဟုတ် စာအုပ်ချစ်သူ | ၂၃၃ |
| ၁၃။ | အခန်း (၁၃) | - | ဦးမိုးမြင့်နှင့် မိသားစုပညာရေးဖောင်ဒေးရှင်းနှင့် MPRL E&P ကုမ္ပဏီအုပ်စု၏ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များ | ၂၅၃ |
| ၁၄။ | အခန်း (၁၄) | - | MPRL E&P ကုမ္ပဏီအုပ်စုတွင် အလုပ်လုပ်ရခြင်း၏ အားသာချက်များ | ၂၆၅ |
| ၁၅။ | အခန်း (၁၅) | - | ကိုဗစ်–၁၉ ကပ်ရောဂါတတိယလှိုင်းနှင့် MPRL E&P ကုမ္ပဏီအုပ်စု | ၂၈၅ |
| ၁၆။ | အခန်း (၁၆) | - | I have a Dream နှင့် ရွက်လှေအားကစား | ၂၉၅ |
| ၁၇။ | အခန်း (၁၇) | - | ဦးမိုးမြင့်၏ နိုင်ငံရေးခံယူချက် | ၃၂၉ |
| ၁၈။ | အခန်း (၁၈) | - | ရေနံလောကသို့ စတင်အခြေချဝင်ရောက်လာသော ဦးမိုးမြင့်နှင့် သူ၏ ရွှေရောင်အနာဂတ်များ | ၃၅၁ |
| ၁၉။ | အခန်း (၁၉) | - | ဦးမိုးမြင့်၏ ထင်ရှားမှတ်သားစကားများ | ၄၂၇ |
| ၂၀။ | အခန်း (၂၀) | - | အရည်အသွေးကောင်း သတ်မှတ်ချက် (Quotient) ဗလငါးတန်၊ ဗိုလ်ငါးပါး၊ သမ္ပတ္တိတရား လေးပါးတို့နှင့် ဦးမိုးမြင့်ကို တိုင်းတာခြင်း | ၄၃၅ |
| ၂၁။ | အခန်း (၂၁) | - | ပါရမီရှင်အမိပွာယ်အဖွင့် | ၄၅၁ |
| ၂၂။ | အခန်း (၂၂) | - | ဦးမိုးမြင့် စေတနာစကား – သစ္စာစကား | ၄၆၃ |
| ၂၃။ | အခန်း (၂၃) | - | နိဂုံးချုပ်ကောက်ချက် | ၄၇၁ |

**နောက်ဆက်တွဲ**

| | | |
|---|---|---|
| – ရောဝတီအနောက်ဘက်အခြမ်း ဓာတ်ငွေ့မော်ကွန်း (ကမ်းလွန်လုပ်ကွက် အမှတ် A-6 ပြည်သာယာစီမံကိန်း) | – ဒေါက်တာအယ်လ်ဝါဒိုလီဗို | ၄၉၅ |
| – ဦးမိုးမြင့်နှင့် တွေ့ဆုံခဲ့ပုံများ | – မစ္စတာဘာရိုင်ယင်အယ်လ်လိုဂန် | ၅၆၉ |
| – စာရေးသူအတ္ထုပ္ပတ္တိ | | ၅၉၇ |


❑ ❑ ❑